"အသံ"

# "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးပိုမိုတည်တံ့ခိုင်မြဲရန်တွန်းတင်

ခေတ်သစ်တွင် အတွေးအသစ်များ လိုအပ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"သည် တရုတ်နိုင်ငံနှင့်ကမ္ဘာဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအသစ်ကို တီထွင်နေပါသည်။ ယခုနှစ်၏အစိုးရအလုပ်အစီရင်ခံစာတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ကို (၅)ကြိမ်တိတိထုတ်ဖော်တင်ပြခဲ့သည်။ ငါးနှစ်အတွင်း"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးသည် အကျိုးရလဒ်သိသာထင်ရှားပြီး ပြည်ပကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမှုဖွဲ့စည်းပုံကို အသုံးပြုကာအဆင့်မြှင့်တင်ခြင်းအချိုးအစားမှာ ကမ္ဘာ့ရှေ့တန်းတွင်တည်ရှိနေကြောင်း အစီရင်ခံစာထဲတွင်တင်ပြထားသည်။ ယခုနောက်ပိုင်းတွင် တရုတ်နိုင်ငံသည် အတူညှိနှိုင်းခြင်း၊ အတူလုပ်ဆောင်ခြင်း၊ အတူခံစားခြင်း ဟူသောအတွေးအခေါ်ကို ဆက်လက်ကျင့်သုံးရန်လည်းကောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့်၊ နိုင်ငံတကာလမ်းကြောင်းကြီး ဆောက်လုပ်ရေးကို တွန်းတင်ရန်လည်းကောင်း၊ နိုင်ငံတကာစွမ်းအင်ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်လည်းကောင်း၊ ပြည်ပရင်းနှီးမှုဖွဲ့စည်းပုံကို အဆင့်မြှင့်တင်ရန်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေး ပိုမိုနက်ရှိုင်းလာသည်နှင့်အတူ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ပြည့်ဝသောရလဒ်များရရှိခဲ့သည်။ အချက်(၁)မှာ-ကုန်သွယ်ရေးအချိုးအစား ပိုမိုကြီးမားလာသည်။ ၂၀၁၇ခုနှစ်တရုတ်နိုင်ငံနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" လမ်းတစ်လျှောက်ရှိ နိုင်ငံများအကြားသွင်းကုန်ထုတ်ကုန် စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ (၁. ၁)ထရီလီယံရှိခဲ့သည်။ အချက်(၂)မှာ ရင်းနှီးမှုနယ်ပယ်တွင် ပိုမိုတိုးချဲ့ချဲ့ထွင်လာသည်။ အချက်(၃)မှာ စီမံကိန်းကြီးများစစ်မှန်စွာအကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည်။ သံလမ်း၊ ကားလမ်းနှင့်ဆိပ်ကမ်းစသည့် အခြေခံအဆောက်အအုံများ ဆက်လက်တည်ဆောက်ခြင်း၊ စွမ်းအင်ရင်းနှီးမှုပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အားသွန်ခွန်စိုက်တွန်းတင်ခြင်း ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းတစ်သုတ်ပြီးမြောက်ခြင်း စသည်ဖြင့် စီမံကိန်းကြီးများ စစ်မှန်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" လမ်းတစ်လျှောက်ရှိနိုင်ငံများနှင့် ပြည်ပကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဇုန်(၇၅)ခုကို တည်ဆောက်ပြီးစုစုပေါင်းတိုက်ရိုက်ရင်းနှီးငွေမှာအမေရိကန်ဒေါ်လာ (၆၀)ဘီလီယံကျော်ရှိခဲ့သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" သည် "ငြိမ်းချမ်းသောလမ်း၊ ချမ်းသာသောလမ်း၊ တံခါးဖွင့်လှစ်သောလမ်း၊ ဆန်းသစ်သောလမ်း၊ ယဉ်ကျေးသောလမ်း" အဖြစ် အကျိုးသက်ရောက်မှုအားပိုမိုထိရောက်လာနေပါသည်။

ကိစ္စသစ်များ၏ဖွံ့ဖြိုးမှုမှာ အစဉ်ဖြောင့်တန်းမည်မဟုတ်ပါ။ ငါးနှစ်အတွင်း ပြင်ပလောကသည်ပတ်ဝန်းကျင်၊ အလုပ်သမားစံနှုန်း၊ အကြွေး၊ ပွင့်လင်းမြင်သာမှု၊ အစိုးရဝယ်ယူမှု၊ လူမှုရေးတာဝန်စသည့် အပိုင်းကဏ္ဍများတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အပေါ် သံသယအသံများ ထွက်ပေါ်နေလျက်ရှိခဲ့ပါသည်။ သမ္မတရှီကျင့်ဖျင်သည် ၎င်းအပေါ်မြစ်မီးရောင်ပိုးထည်လမ်းမ၊ ခြစားမှုကင်း၍သန့်စင်သောလမ်းစသည့် အတွေးအခေါ်များကိုလည်း တင်ပြခဲ့ရာ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အပေါ် ယုံကြည်မှုများပိုမိုတိုးပွားစေခဲ့ပါသည်။ ထို့အတူ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကိုယ်တိုင်လည်း စစ်မှန်တရားဖြင့် ထင်မြင်လွဲမှားမှုများကို ဖြေရှင်းပေးနိုင်ခဲ့သည်။

စစ်မှန်ကိစ္စရပ်များ၏ရှေ့တွင်လည်းကောင်း၊ အခွင့်အလမ်း၏ရှေ့တွင်လည်းကောင်း အင်္ဂလန်၊ ပြင်သစ်စသည့်ပိုမိုများပြားသော အနောက်တိုင်းနိုင်ငံများသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ပူးပေါင်းဆောင်ရွက်ရေးအတွင်းသို့ တက်ကြွစွာပါဝင်လာကြသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ပူးပေါင်းဆောင်ရွက်မှုနှင့်ဆိုင်သော အဆိုပြုချက်များအပေါ်လည်း ဂျပန်နိုင်ငံကအထူးဂရုပြုစိတ်ဝင်စားနေပါသည်။ ဂျပန်နိုင်ငံကို "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အတွင်းသို့ပါဝင်ရန် တရုတ်နိုင်ငံကဖိတ်ခေါ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဖွဲ့စည်းပုံအောက်တွင် ဂျပန်နိုင်ငံနှင့်အတူ ရှေ့ဆင့်သို့ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"သည် အနောက်တိုင်းဖွံ့ဖြိုးပြီးနိုင်ငံများပါဝင်ရန် လိုအပ်သကဲ့သို့ အနောက်တိုင်းနိုင်ငံများလည်း "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ကို လိုအပ်ပါသည်။

ဝမ်ရီကွေ့(စာရေးဆရာသည်တရုတ်ပြည်သူ့တက္ကသိုလ်အဆင့်မြင့် သုတေသနပညာရှင်ဖြစ်သည်။)




## နိုင်ငံ(၆)နိုင်ငံမှ လူငယ်များယူနန်တွင်စုဝေးပြီး အပြန်အလှန်ဖလှယ်မှုလုပ်ဆောင်ကြ

(၁၃)ကြိမ်မြောက် လန်ချန်မြစ်-မဲခေါင်မြစ် လူငယ်ချစ်ကြည်ရေးဖလှယ်မှုအစီအစဉ်ကို မတ်လ(၁၅)ရက်နေ့နံနက်ပိုင်းက ကူမင်းတွင် ဖွင့်လှစ်ခဲ့သည်။ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ လူငယ်သတင်းထောက်များနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် ယူနန်တွင်စုဝေးပြီးချစ်ကြည်ရေးနှင့် ယုံကြည်မှုတွန်းတင်ကာ လူငယ်မီဒီယာများ၏လိုလားမှုနှင့်တာဝန်ကိုဖလှယ်ခဲ့ကြပါသည်။

"တရုတ်နိုင်ငံရဲ့ယဉ်ကျေးမှုကို ကြိုက်တယ်။ တရုတ်-ဗီယက်နမ်ယဉ်ကျေးမှုက အချင်းချင်း ချိတ်ဆက်နေပါတယ်။" ဟု အသက်(၁၉)နှစ်ပြည့်သော ဗီယက်နမ်ကျောင်းသူ Tram Khanh Vyသည် အလွန်ကျွမ်းကျင်သော တရုတ်စကားဖြင့် ပြောသည်။ သူမသည် တရုတ်နိုင်ငံယဉ်ကျေးမှုကို အထူးစိတ်ဝင်စားသောကြောင့် တရုတ်စာကို လေ့လာသင်ယူသည်။ ယခုအကြိမ်အစီအစဉ်ဖြင့် သူမကသူငယ်ချင်းမိတ်ဆွေများစွာနှင့်ရင်းနှီးလိုပြီး တရုတ်ရိုးရာယဉ်ကျေးမှုကို ပို၍နားလည်လိုသည်။

သာယာလှပသောကူမင်းမြို့တွင် နေထိုင်မှုဘဝအလွန်ကောင်းမွန်ပါကြောင်း၊ ဤအစီအစဉ်ထဲသို့ ပါဝင်နိုင်သည့်အတွက်ကြောင့် အလွန်ဝမ်းသာပါကြောင်းလာအိုနိုင်ငံမှ လူငယ်ကိုယ်စားလှယ်အနေနှင့် တက္ကသိုလ်ကျောင်းသား Thongouane Souphavadv ကပြောကြားဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ မီဒီယာလူငယ်နှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူပေါင်း (၁၄)ယောက်က ယခုအကြိမ်ဖလှယ်မှုအစီအစဉ်ထဲသို့ပါဝင်ခဲ့ကြောင်း မြန်မာနိုင်ငံလူငယ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဆုသွယ်ဝင်းက သတင်းထောက်ထံပြောကြားခဲ့သည်။ "ယခုမြန်မာနိုင်ငံ၏မီဒီယာဖွံ့ဖြိုးတိုးတက်မှုမှ နှောင့်နှေးနေပြီး ယခုလိုအစီအစဉ်များဖြင့် နိုင်ငံတကာမီဒီယာလူငယ်များနှင့် ဖလှယ်သည့်အတွက်ကြောင့် ရိုးရာမီဒီယာနှင့်မီဒီယာအသစ်အပိုင်းကဏ္ဍများ၏ ဗဟုသုတများကိုသင်ယူ၍အနာဂတ်မီဒီယာဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။"

ယခုအကြိမ်အစီအစဉ်ကို တရုတ်နိုင်ငံလူငယ်အသင်းနှင့် ထိုင်းလူမှုရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဌာနတို့ကပူးတွဲကျင်းပပြီး လန်ချန်မြစ်-မဲခေါင်မြစ်မြစ်ဝှမ်းဒေသနိုင်ငံအသီးသီးမှ လူငယ်များနှင့် ချစ်ကြည်ရေးဖလှယ်မှုများမြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ အစီအစဉ်ကို မတ်လ(၂၂)ရက်နေ့အထိလုပ်ဆောင်ပြီး တရုတ်နိုင်ငံကူမင်းမြို့နှင့်ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် ရှေ့နောက်ကျင်းပသည်။ ယင်းအတွင်းမတ်လ(၁၈)ရက်နေ့မှ(၂၂)ရက်နေ့၏အစီအစဉ်ကို ချင်းမိုင်တွင် ကျင်းပသည်။

ယူနန်တွင် အစီအစဉ်ကျင်းပသည့်ကာလအတွင်းလူငယ်များသည် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ၏အရေးကြီးသောအကြောင်းအရာနှင့် ယူနန်ပြည်နယ်အခြေအနေ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအုပ်ချုပ်မှုအခြေအနေများကို စူးစမ်းသိရှိကြသည်။ ယူနန်မီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို သုတေသနစစ်တမ်းကောက်ယူပြီး မီဒီယာအသစ်အပေါ် အတွေးအမြင်များကို အပြန်အလှန်ဖလှယ်ကြသည်။ လူမှုရေးအခြေအနေ၊ လူငယ်များအိမ်နှင့် အိုဗာစီးတရုတ်ရေးရာ စသည်များကို လေ့လာခဲ့သည်။ ယူနန်အစီအစဉ်အပြီး နိုင်ငံ(၆)နိုင်ငံမှ လူငယ်ကိုယ်စားလှယ်များသည်ထိုင်းနိုင်ငံသို့သွားရောက်ပြီး ဒေသခံယဉ်ကျေးမှုရပ်ကွက်လည်ပတ်ခြင်းကလေးလူငယ်များရေးရာအလုပ်ကို လေ့လာကြသည်။

"လန်ချန်မြစ်-မဲခေါင်မြစ်လူငယ်ချစ်ကြည်ရေးဖလှယ်မှု"အစီအစဉ်ကို တရုတ်နိုင်ငံ ပြည်လုံးဆိုင်ရာလူငယ်အသင်းက ၂၀၀၁ခုနှစ်မှစပြီးယခုအထိ (၁၂)ကြိမ်တိတိ အောင်မြင်စွာကျင်းပခဲ့ပြီဖြစ်သည်။

